# မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီ၏ အာရုံစိုက်မှုအောက်သို့ ပြန်လည်ရောက်ရှိလာသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်။

ပြီးခဲ့သည့်သောကြာနေ့က ဂျီနီဗာမြို့၌ ကျင်းပပြီးစီးခဲ့သော ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၈) ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏အာရုံစိုက်မှုပြန်လည်ရောက်ရှိလာခြင်းအား မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) ကကြိုဆိုပါသည်။

SAC-M သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၅၈) ကြိမ်မြောက်အစည်းအဝေး၏ ဒုတိယသီတင်းပတ်ဖြစ်သော မတ်လ ၃ ရက်မှ ၇ ရက်နေ့အထိ တက်ရောက်ခဲ့ပြီး အခရာကျသည့်နိုင်ငံရေးကိုယ်စားလှယ်အဖွဲ့များ၊ အကြီးပိုင်းအရာရှိများနှင့်တွေ့ဆုံခဲ့ကာ မြန်မာနိုင်ငံ၏မြေပြင်အခြေအနေကို အာရုံစိုက်မှုရရှိလာစေရန် ဆောင်ရွက်ခဲ့သည်၊ မြန်မာပြည်တဝှမ်း၌ တော်လှန်ရေးအင်အားစုများက ၎င်းတို့၏ ပိုင်နက်နယ်နိမိတ်များ ရရှိလာမှု၊ ထိန်းချုပ်မှုနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို တိုးချဲ့လုပ်ဆောင်လာနိုင်သောကြောင့် စစ်အုပ်စုသည် အရပ်သားများကိုပစ်မှတ်ထားသော လေကြောင်းတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

မတ်လ၊ ၆ ရက်နေ့တွင် SAC-M ၏ အကြံပေးပုဂ္ဂိုလ်များသည် စစ်တပ်အလွန်ကာလ ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာ ပြည်သူတို့၏ရည်မှန်းချက်အတွက် ညှိနှိုင်းဆောင်ရွက်သောအထောက်အပံ့ကို တွန်းအားပေးရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂ၏ Palais des Nations ၌ သတင်းစာရှင်းလင်းပွဲတရပ်ကိုလည်းကျင်းပခဲ့သည်။ ထို့ပြင် "မြန်မာနိုင်ငံရှိ လေးနှစ်တာအတွင်း အစုအပြုံလိုက်သတ်ဖြတ်မှုများ"ကို မှတ်တမ်းတင်ခဲ့သည့် FORUM-ASIA ၏ ဆက်စပ်အစည်းအဝေးတွင်လည်းပါဝင်ခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး Volker Türk နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Tom Andrews တို့၏ မျက်နှာစုံညီတင်ပြချက်များက ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ကြီးမားဆိုးရွားလှသောအတွဲလိုက်မြေငလျင်များမတိုင်မီကပင် မြန်မာနိုင်ငံအား နိုင်ငံတကာမှ အာရုံစိုက်မှုရရှိလာအောင် ပြန်လည်ဆွဲခေါ်ခဲ့သည်။

ဖေဖော်ဝါရီလ၊ ၂၈ ရက်နေ့တွင် မဟာမင်းကြီးက မြန်မာနိုင်ငံ၏အခြေအနေအား "ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးများထဲမှတခု" အဖြစ်ဖော်ပြခဲ့ပြီး "နက်နဲလွန်း၍ ဉာဏ်ပညာဖြင့်နှိုင်းယှဉ်စဉ်းစားဖို့ရာ မမီနိုင်သော ပြည်သူတို့၏ဒုက္ခဝေဒနာအဖုံဖုံ" ကို ဖြစ်ပေါ်စေသည့်စစ်အုပ်စုအား ရှုတ်ချပြောဆိုခဲ့သည်။ တဆက်တည်းမှာပင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့များ၊ လူငယ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှကိုယ်စားလှယ်များပါဝင်သည့် နိုင်ငံရေးလမ်းကြောင်းတခုကို အားပေးထောက်ပံ့ခြင်းဖြင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သောဖိနှိပ်မှုများအဆုံးသတ်မည့် "နေ့သစ်" ကို ရှေးရှု

မျှော်မှန်းရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းဖိအားပေးခဲ့သည်။

မတ်လ၊ ၁၉ ရက်နေ့တွင် အထူးကိုယ်စားလှယ်က အဖွဲ့ဝင်နိုင်ငံများအား "ဤအရေးတကြီးဖြစ်ပေါ်နေသော ဘေးဒုက္ခနှင့်ပတ်သက်၍ အသိတရားနှင့်စာနာမှုကိုပြသသော ထုတ်ပြန်ကြေညာချက် (declaration of conscience) တစောင်ထုတ်ပြန်ရန်" တောင်းဆိုခဲ့သည်။ မစ္စတာ Andrews အတွက်မူ - မြန်မာနိုင်ငံရှိ လူသန်းပေါင်းများစွာအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဆုံးရှုံးစေခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်များအတွက် စားနပ်ရိက္ခာခွဲတမ်းများကို ထက်ဝက်လျှော့ချခဲ့သည့် ပြင်းထန်ဆိုးရွားလှသောအထောက်အပံ့ဖြတ်တောက်မှုများသည် "အကျိုးဆက်များအား အလေးထားမှုအလျင်းမရှိဘဲ စာနာစိတ်ကင်းမဲ့၍ ပေါ့ပေါ့တန်တန်စဉ်းစားကာ ရက်ရက်စက်စက် လျစ်လျူရှုဥပေက္ခာပြုပြီး ချမှတ်သော ဆုံးဖြတ်ချက်များ" ဖြစ်ကြောင်းလှစ်ဟပြသည့် "သစ္စာဖောက်မှု" တရပ်ဟူ၍ဖော်ပြသွားသည်။ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံ၏ မြေပြင်အရှိတရားများကိုလည်း အလေးပေးဖော်ပြခဲ့သည်၊ ဤတွင် စစ်အုပ်စုသည် နောက်သို့ဆုတ်ခွာနေရပြီး ကြီးမားပြင်းထန်သည့်ပြည်သူ့တော်လှန်ရေးထံသို့ နယ်မြေများ တဖြည်းဖြည်း လက်လွှတ်ဆုံးရှုံးလျက်ရှိသည်ကိုလည်း ဖော်ပြခဲ့သည်။

ငလျင်များလှုပ်ခတ်ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေသည် အဆပေါင်း အလီလီတိုး၍ ပိုမိုဆိုးရွားလာခဲ့သည်၊ ၎င်းငလျင်များသည် အသစ်ပေါ်လာသော အဖြစ်ဆိုးတခုဖြစ်ပြီး အရင်းခံ ဘေးဒုက္ခကြီးအပေါ် အပူထပ်ဆင့်ခြင်းပင်ဖြစ်သည်။

**"ဤအားထုတ်ကြိုးပမ်းမှုများကို ထောက်ပံ့ရန်၊ ငလျင်ကယ်ဆယ်ရေးရိက္ခာများကို ပြည်သူများထံ တိုက်ရိုက်ပေးအပ်ရန်နှင့် စစ်အုပ်စု၏လက်နက်ရရှိခွင့်ကိုဖြတ်တောက်ရန် ညှိနှိုင်းဆောင်ရွက်သော နိုင်ငံတကာအရေးယူဆောင်ရွက်မှုသည် ချွင်းချက်မရှိ လုံးဝဥဿုံအရေးပါသည်"** ဟု SAC-M မှ Yanghee Lee က ပြောကြားခဲ့သည်။

**"မြန်မာပြည်သမိုင်း၏ မည်သည့်ကာလနှင့်မဆို နှိုင်းချင့်ကြည့်ပါက စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများဖြင့် ကလေးများအပါအဝင် အရပ်သားများကိုသတ်ဖြတ်မှုသည် ယခုကာလတွင် အများဆုံးပင်ဖြစ်သည်"** ဟု မစ္စ Lee က ဖြည့်စွက်ပြောကြားခဲ့သည်။ **"စစ်အုပ်စုသည် ရာစုနှစ်တခုကျော်အတွင်း အပြင်းထန်ဆုံးလှုပ်ခတ်ခဲ့သည့် ငလျင်ဘေးဒုက္ခကြီးကြောင့် အလွန်ဆိုးရွားစွာ ဒုက္ခရောက်နေကြသည့်အရပ်သားများကို ဆက်လက်ဗုံးကြဲတိုက်ခိုက်နေသည်။ ဤသည်မှာ စစ်တပ်အလွန်ကာလ အနာဂတ်နိုင်ငံတခုတည်ဆောက်ရန် မြန်မာပြည်သူများ၏ကြိုးပမ်းမှုများအပေါ် မင်းအောင်လှိုင်၏ ပြောမပြနိုင်လောက်အောင်ပင် ရက်စက်ကြမ်းကြုတ်လှသော တုံ့ပြန်မှုဖြစ်သည်"**။

ဧပြီလ၊ ၃ ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဘုံသဘောတူဆုံးဖြတ်ချက်အသစ်တခု ဖြစ်သည့် (၅၈/၂၀) ကို အတည်ပြုချမှတ်ခဲ့ခြင်းသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၅၈) ကြိမ်မြောက် အစည်းအဝေး၏ မြန်မာနိုင်ငံဆိုင်ရာကိုင်တွယ်ဖြေရှင်းမှုကို အဆုံးသတ် မှတ်ကျောက်တင်စေခဲ့သည်။

ခိုင်မာသောအစိတ်အပိုင်းသစ်များပါဝင်သည့်စာသားကို ရေးသားခြင်းနှင့် လမ်းညွှန်ပေးခြင်းအတွက်ဥရောပသမဂ္ဂအား ဂုဏ်ပြုရမည်ဖြစ်သည်။ ၎င်းတို့တွင် အောက်ပါတို့ပါဝင်သည် -

- ၂၀၂၅ ခုနှစ်၊ မတ်လတွင်လှုပ်ခတ်ခဲ့သောငလျင်များ၏ ဘေးဒဏ်ခံခဲ့ရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် ကြီးမားသောစာနာမှုအားဖော်ပြပြီး၊ မြန်မာစစ်တပ်နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအား တိုက်ခိုက်မှုအားလုံးကိုရပ်တန့်ရန်၊ ထိခိုက်ခံစားခဲ့ရသောဒေသအားလုံးရှိ လူပုဂ္ဂိုလ်အားလုံးထံသို့ အပြည့်အဝ၊ လျင်မြန်စွာ၊ ဘေးကင်းလုံခြုံစွာနှင့် အဟန့်အတားမရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရောက်ရှိရေးကို တောင်းဆိုခြင်း။
- ရိုဟင်ဂျာများအား နေရပ်မှနှင်ထုတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းဟူသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်ကို ဖမ်းဝရမ်းလျှောက်ထားမှုအား ICC အမှုစွဲအရာရှိမှ လျှောက်ထားခဲ့ခြင်းကို အသိအမှတ်ပြုခြင်း။
- နိုင်ငံအားလုံးအား မြန်မာနိုင်ငံသို့ လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် အခြား စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများ တရားမဝင်လွှဲပြောင်းခြင်းနှင့် လမ်းကြောင်းလွှဲပြောင်းခြင်းများကို ရပ်တန့်ကြရန် တောင်းဆိုခြင်း။
- ရောမဥပဒေ၊ အပိုဒ် ၁၂ (၃) အရ ICC ၏ တရားစီရင်ပိုင်ခွင့်ကိုလက်ခံရန် NUG ၏ ကတိကဝတ်ပြုမှုကို အသိအမှတ်ပြုခြင်း။
- NUG အား ၎င်း၏ 'ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများဆိုင်ရာ မူဝါဒရပ်တည်ချက်' အကောင်အထည်ဖော်မှုအပေါ် နောက်ဆုံးရအခြေအနေများပေးရန် တိုက်တွန်းခြင်း။
- မြန်မာစစ်တပ်အား စစ်တပ်အပါအဝင် နိုင်ငံလုံးဆိုင်ရာအဖွဲ့အစည်းအားလုံးသည် ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသော၊ ပြည့်ဝသောကိုယ်စားပြုမှုရှိသည့် အရပ်သားအစိုးရအောက်တွင် အမှုထမ်းရမည်ဖြစ်ကြောင်း လက်ခံရန်တောင်းဆိုခြင်း။
- အာဂျင်တီးနားတရားရုံးမှ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် စွပ်စွဲခံရသူများအတွက် ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်အရ နိုင်ငံတကာဖမ်းဝရမ်းများ ထုတ်ပြန်ခဲ့သည်ကို ဂရုပြုမှတ်သားခြင်း။

ဤဆုံးဖြတ်ချက်သည် နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား ပိုမိုအားကောင်းသော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ရှင်းလင်းသောတောင်းဆိုမှုတရပ်ဖြစ်သည်။ ၎င်းသည် NUG၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အာဆီယံနှင့် အာဆီယံပြင်ပရှိ ပိုမိုကျယ်ပြန့်သော လူ့အခွင့်အရေးလှုပ်ရှားမှုအတွက် စည်းရုံးလှုံ့ဆော်ရေးပလက်ဖောင်းတခုကိုလည်း ပံ့ပိုးပေးသည်။

**"အာဆီယံသည်မြန်မာနိုင်ငံနှင့်အာဆီယံဒေသတွင်းအတွက်ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုဖော်ဆောင်ရန်လုံးဝပျက်ကွက်ခဲ့သည်"** ဟု SAC-M မှ Marzuki Darusman က ပြောကြားသည်။ **"ယခုအခါ တိုးမြင့်လာသော**

**စစ်အုပ်စု၏အကြမ်းဖက်မှု၊ ရုတ်ခြည်း အကူအညီဖြတ်တောက်မှုများနှင့် ငလျင်ဘေးဒုက္ခကြီးတို့က မြန်မာနိုင်ငံရှိ အလွန်ဆိုးရွားလှသောအခြေအနေအား ပိုမိုဆိုးရွားစေခဲ့သည်”။**

**“နိုင်ငံ၏ဒေသအများစုဖြစ်သည့် စစ်တပ်၏ ထိန်းချုပ်မှုပြင်ပရှိဒေသများအပါအဝင် အလွန်အမင်းလိုအပ်နေသောအသိုင်းအဝိုင်းများထံသို့နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှတဆင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးပို့ရန်အတွက် အာဆီယံသည် NUG၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံအတွက် ဒေသဆိုင်ရာတုံ့ပြန်မှုတရပ်ကို ဦးဆောင်ရမည်”** ဟု မစ္စတာ Darusman က ပြောကြားသည်။

ဆုံးဖြတ်ချက် ၅၈/၂၀ သည် လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံအပေါ် ဖိအားအသစ်ကိုလည်း သက်ရောက်စေသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) ကို ဆက်လက်ဖော်ဆောင်သည့်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အသစ်တရပ်ချမှတ်ရန်အတွက် အချိန်လင့်နေပြီပင်ဖြစ်သည်၊ ၎င်းဆုံးဖြတ်ချက်သည် စစ်အုပ်စုအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုများပြုလုပ်ပြီး ငလျင်ဘေးဒုက္ခကြီးအတွက် ချက်ချင်းဖြစ်သော၊ အတိုင်းအတာကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုကို လုပ်ပိုင်ခွင့်ချမှတ်အပ်နှင်းရမည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇွန်လသည် မြန်မာနိုင်ငံအခြေအနေဆိုင်ရာအထွေထွေညီလာခံ၏ နောက်ဆုံးမျက်နှာစုံညီဆုံးဖြတ်ချက် (၇၅/၂၈၉) ချမှတ်ခဲ့သည်မှာ လေးနှစ်ပြည့်မြောက်မည်ဖြစ်ပြီး၊ အခြေအနေမှာ သိသိသာသာနှင့် နဂိုအတိုင်းပြန်မဖြစ်နိုင်အောင်ပင် ပြောင်းလဲခဲ့ပြီဖြစ်သည်။

**“လေးနှစ်တာကာလအတွင်း မြန်မာပြည်သူများသည် ၎င်းတို့ အလိုအပ်ဆုံးအချိန်တွင် အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏စွန့်ပစ်ခြင်းကို ခံခဲ့ရသည်”** ဟု SAC-M မှ Chris Sidoti က ပြောကြားသည်။

**“မြန်မာနိုင်ငံ၏ ပိုမိုကျယ်ပြန့်သောအခြေအနေအပေါ် ဆုံးဖြတ်ချက်အသစ်တရပ်မချမှတ်ဘဲ လေးနှစ်နီးပါးကြာမြင့်ခဲ့သည်မှာ အထွေထွေညီလာခံ၏ ယုတ္တိမတန်အောင်ပင် တရားလွန်ခြင်းဖြစ်သည်”** ဟု မစ္စတာ Sidoti က ထပ်လောင်းပြောကြားသည်။ **“အထွေထွေညီလာခံအနေဖြင့် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ လုပ်ဆောင်ရမည်ဆိုလျှင်၊ ယင်းအတွက်အချိန်မှာ အခုပင်ဖြစ်သည်။”**